နိုင်ငံတကာ မြန်မာ့ သတင်း (BNI) သတင်း ထုတ်ပြန်ချက်

**အဖွဲ့ဝင်သစ်များ ဝင်ရောက်နိုင်ရန် BNI လမ်းဖွင့်**

**တိုင်းရင်းမီဒီယာ ဖွံ့ဖြိုးရေးအတွက် တိုးချဲ့ကြိုးပမ်းသွားမည်**

နိုင်ငံတကာမြန်မာ့သတင်း (Burma News International- BNI) က အဖွဲ့ဝင်သတ်မှတ်ချက်များကို ပြင်ဆင်လိုက်ခြင်းဖြင့် အဖွဲ့ဝင်အဖွဲ့အစည်းသစ်များအတွက် လမ်းဖွင့်ပေးလိုက်သည်။

အသစ်ပြင်ဆင်ဖွဲ့စည်း ရွေးချယ်လိုက်သည့် မူဂါဒရေးရာကော်မတီ ဥက္ကဌ နန်းဖော့ဂေက **"အရင်က တိုင်းရင်းသားအခြေပြု သတင်းမီဒီယာအဖွဲ့အစည်းတွေကိုပဲ အဖွဲ့ဝင်အဖြစ် သတ်မှတ်ထားခဲ့ရာကနေ ဒေသ အခြေပြု မီဒီယာအဖွဲ့အစည်းတွေကိုပါ အဖွဲ့ဝင် သတ်မှတ်ချက်ထဲမှာ ပြင်ဆင်ထည့်သွင်းခဲ့တာဟာ အဖွဲ့ဝင် သစ်တွေအတွက် လမ်းဖွင့်ပေးဖို့ ရည်ရွယ်ပါတယ်။"** ဟု ပြောသည်။

နိုင်ငံတကာမြန်မာ့သတင်း (BNI) အဖွဲ့မှ အဖွဲ့ဝင်အယ်ဒီတာများ၏ (၂၆) ကြိမ်မြောက် မျက်နှာစုံညီ အစည်းအဝေးတွင် မြန်မာနိုင်ငံတွင် တိုင်းရင်းသားမီဒီယာ မူဂါဒများပေါ်ပေါက်ရေး၊ တိုင်းရင်းသားသတင်း သင်တန်းကျောင်းတစ်ခု ပေါ်ပေါက်လာရေးနှင့် နစ်စဉ်ကျင်းပနေသည့် တိုင်းရင်းသားမီဒီယာညီလာခံကို အနှစ်သာရရှိရှိ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးဆုံးဖြတ်မှုများ ပြုလုပ်ခဲ့ကြသည်။

**"ကျွန်တော်တို့တွေက တိုင်းရင်းသား မီဒီယာ ဖွံ့ဖြိုးမှု လုပ်ငန်းတွေကို အားကောင်းကောင်းနဲ့ လုပ်သွားဖို့ ရည်ရွယ်ပါတယ်။ လိုအပ်ချက်တွေ ရှိနေသေးတော့ ပံ့ပိုးမှုတွေ ရမယ်ဆိုရင် ပိုပြီး မြန်မြန် လုပ်နိုင်မှာပေါ့"** ဟု အသစ်ဖွဲ့စည်းလိုက်သည့် ဘဏ္ဍာရေးကော်မတီ ဥက္ကဌ ဂျေ-စန်းသဲ ကပြောသည်။

တဆက်တည်းမှာပင် ဘီအဲန်အိုင်အဖွဲ့ဝင် အဖွဲ့အစည်းဝင်များအနေဖြင့် တိုင်းရင်းသားဒေသများတွင် ငြိမ်းချမ်းရေးဆိုင်ရာ သတင်းများကို ပိုမိုစောင့်ကြည့်ရေးသားသွားရန်လည်း ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ ပြောင်းလဲလာသည့် အခြေအနေနှင့်အညီ နိုင်ငံတကာမြန်မာ့သတင်း (BNI) သည် တိုင်းရင်းသား အခြေပြု ရုပ်သံအစီအစဉ်များကို ရိုက်ကူးထုတ်လုပ်မှုများ တိုးချဲ့လုပ်ဆောင်သွားရန်လည်း ဆုံးဖြတ်ခဲ့သည်။

BNI ကို တိုင်းရင်းသားအခြေပြု သတင်းမီဒီယာများ၊ ဒေသအခြေပြု သတင်းမီဒီယာများဖြင့် ဖွဲ့စည်းထားပြီး တိုင်းရင်းသားဒေသများတွင် သတင်းထုတ်ပြန်မှုနှင့် သတင်းမီဒီယာဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ဆောင်နေသော အဖွဲ့ဖြစ်သည်။ ယခု (၂၆) ကြိမ်မြောက် အယ်ဒီတာ မျက်နှာစုံညီအစည်းအဝေးတွင် Development Media Group (DMG) ကို အဖွဲ့ဝင်သစ်အဖြစ် လက်ခံခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်

ဆက်သွယ်ရန်-
၁။ နန်းဖော့ဂေ ဖုန်း- +၆၆ ၈၇ ၂၀၉ ၉၇၇၂
၂။ အောင်မိုးမြင့် ဖုန်း- +၆၆ ၈၉ ၇၀၁ ၇၅၅၀
၃။ ဂျေ-စန်းသဲ ဖုန်း- +၉၅ ၉၂၅၀၀ ၄၇၆၁၇
www.bnionline.net, https://www.facebook.com/BNIBurmaNewsInternational/